**MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.**

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

## စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါ စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဝက်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့်အတူ တွဲ၍ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက်အားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (IFRSs) နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပစာရင်းစစ်ဖြစ်သည့် Thadar Sin Co., Ltd. မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။

### ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်

| MAGDPL ဝင်ငွေရှင်းတမ်း နှိုင်းယှဉ်ချက် | ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ဝက် | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဝက် | ပြောင်းလဲမှု |
|---|---|---|---|
| ဝင်ငွေ | 11,737,610,720.00 | 479,348,692.00 | 11,258,262,028.00 |
| ကုန်ရောင်းတန်ဖိုး | 8,407,977,700.00 | 453,483,740.00 | 7,954,493,960.00 |
| အကြမ်းအမြတ် | 3,329,633,020.00 | 25,864,952.00 | 3,303,768,068.00 |
| အခြားဝင်ငွေ | 94,817,371.00 | 49,644,825.00 | 45,172,546.00 |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ် | (36,595,385.00) | (103,765,705.00) | (67,170,320.00) |
| ဘဏ္ဍာရေးကုန်ကျစရိတ် | (44,750,735.00) | (44,750,735.00) | - |
| အခွန်မဆောင်မီအမြတ် | 3,343,104,271.00 | (73,006,664.00) | 3,416,110,935.00 |
| ဝင်ငွေခွန် | (735,482,940.00) | - | (735,482,940.00) |
| အခွန်ဆောင်ပြီးအမြတ် | 2,607,621,331.00 | (73,006,664.00) | 2,680,627,995.00 |
| ရှယ်ယာတစ်စုအမြတ် (EPS) | 259.20 | (7.26) | 266.46 |

**ဝင်ငွေ**အနေဖြင့် အရောင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဝက်တွင် တန်ဖိုးကျပ် ၀.၄၇၉ ဘီလျံသာ ရရှိခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဝက်တွင် တန်ဖိုးကျပ် ၁၁.၇၃၇ ဘီလျံ သို့ တိုးလာခဲ့

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

ပါသည်။ အဓိကအကြောင်းရင်းမှာ Local Sales တိုးလာခြင်းဖြစ်ပြီး အရောင်းပမာဏ များစွာ တိုးတက်ခဲ့ ခြင်းကြောင့် ဖြစ်ပါသည်။

**ကုန်ရောင်းတန်ဖိုး ကုန်ကျစရိတ်** ကျပ် ၀.၄၅၃ ဘီလျံ မှ ၈.၄၀၇ ဘီလျံ သို့ တိုးလာခဲ့ပါသည်။ အရောင်းပမာဏ တိုးလာသည်နှင့်အညီ ကုန်ကျစရိတ်များပေးချေရမှုနှင့် ဂိုဒေါင်ငှားရမ်းခများ ပေးချေရမှုတို့လည်း တိုးလာပါသည်။

**အကြမ်းအမြတ်တန်ဖိုး** ကျပ် ၀.၂၅၈ ဘီလျံ မှ ၃.၃၂၉ ဘီလျံ သို့ တိုးလာခဲ့ပါသည်။ အရောင်းတိုးလာမှုကြောင့် ကုမ္ပဏီ၏ စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါသည်။

**အခြားဝင်ငွေ** တန်ဖိုး ကျပ် ၀.၄၉၆ ဘီလျံ မှ ၀.၉၄၈ ဘီလျံ သို့ တိုးလာခဲ့သည်။ Bank Interest နှင့် MNTH Loan Interest တို့မှ ဝင်ငွေတိုးလာခြင်းကြောင့် ဖြစ်ပါသည်။

**စီမံခန့်ခွဲမှုနှင့် အခြားအသုံးစရိတ်များ**အတွက် တန်ဖိုးကျပ် ၀.၁၀၃ ဘီလျံ မှ ၀.၃၆၅ ဘီလျံ သို့ လျော့ကျခဲ့ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဝက်တွင် ဝင်ငွေနည်းသော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ဝက်ထက် စီမံခန့်ခွဲမှုနှင့် အခြားအသုံးစရိတ်များ များနေခြင်းမှာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း လွန်ကဲသည့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ဦးဆောင်မှုဖြင့် မတ်ပဲနှင့် ပဲတီစိမ်းမျိုးစေ့များ စုပေါင်းလှူဒါန်းခဲ့ခြင်းနှင့် YSX PLB ဝင်ရောက်ခြင်း အခမ်းအနားစရိတ်တို့ကြောင့် ဖြစ်ပါသည်။

**အခွန်မဆောင်မီအသားတင်အမြတ်**အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် (၇၃ မီလျံ) အရှုံးဖြစ်ခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်ဝက်တွင် တန်ဖိုးကျပ် ၃.၃၄၃ ဘီလျံ အမြတ်ရ ရှိခဲ့သည်။ အရောင်းတိုးလာမှုနှင့် စရိတ်ထိန်းချုပ်နိုင်မှုကြောင့် အမြတ်တိုးမြှင့်လာခဲ့ခြင်း ဖြစ်ပါသည်။

**ဝင်ငွေခွန်** တန်ဖိုးအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဝက်တွင် မရှိခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဝက်တွင် တန်ဖိုးကျပ် ၀.၇၃၅ ဘီလျံ အခွန်ပေးဆောင်ရန် တာဝန်ရှိလာခဲ့သည်။ အမြတ်တိုးလာမှုကြောင့် အခွန်ပေးရန် တာဝန်အသစ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**ဝင်ငွေခွန်ဆောင်ပြီးအသားတင်အမြတ်** တန်ဖိုးကျပ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဝက်တွင် အရှုံး ကျပ် (၇၃ မီလျံ ) ဖြစ်ခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဝက်တွင် တန်ဖိုးကျပ် ၂.၆၀၇ ဘီလျံ အမြတ်ရရှိခဲ့ပါသည်။ အရှုံးမှ အမြတ်သို့ ပြောင်းလဲသွားခြင်းသည် ကုမ္ပဏီ၏ စီးပွားရေးအခြေအနေ တိုးတက်လာသည်ကို ပြသပါသည်။

**ရှယ်ယာတစ်စု၏ ဝင်ငွေ** မှာ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်ဝက်တွင် (-၇.၂၆၀) ကျပ် အရှုံးဖြစ်ခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်ဝက်တွင် ၂၅၉.၂၀၀ ကျပ် အမြတ်ရရှိခဲ့သည်။ Shareholder Value တိုးတက်မှုကို ပြသနေပါသည်။

**ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**

| MAGDPL ဘဏ္ဍာရေးရှင်းတမ်း နှိုင်းယှဉ်ချက် ဇယား | ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ဝက် | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဝက် | ပြောင်းလဲမှု |
|---|---|---|---|
| စုစုပေါင်းရပိုင်ခွင့်များ | 27,465,897,106 | 21,953,038,605 | ▲ 5,512,858,501 |
| လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ | 16,889,401,485 | 11,315,593,270 | ▲ 5,573,808,215 |
| လက်ငင်းရပိုင်ခွင့်များ | 10,576,495,620 | 10,637,445,335 | ▼ (60,949,715) |
| ရင်းနှီးငွေ | 24,101,368,906 | 20,467,745,701 | ▲ 3,633,623,205 |
| လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ | 1,002,790,014 | 958,039,279 | ▲ 44,750,735 |
| လက်ငင်းပေးရန်တာဝန်များ | 3,364,528,200 | 1,485,292,904 | ▲ 1,879,235,296 |

**စုစုပေါင်းရပိုင်ခွင့်တန်ဖိုးများ**မှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဝက်တွင် တန်ဖိုး ကျပ် ၂၁.၉၅၃ ဘီလျံ ဖြစ်ခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၂၇.၄၆၅ ဘီလျံ သို့ တိုးလာခဲ့ပါသည်။ အဓိကအကြောင်းရင်းမှာ **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ ဖြ**စ်သည့် သီလဝါဆိပ်ကမ်းဒေသ၊ အကွက်အမှတ် ၂၉ တွင် သိုလှောင်ရုံတစ်လုံးတည်ဆောက်ခြင်းအတွက် ဖြစ်ပါသည်။

**လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** တန်ဖိုး ကျပ် ၁၁.၃၁၅ ဘီလျံ မှ ၁၆.၈၈၉ ဘီလျံသို့ တိုးလာရခြင်းမှာ သီလဝါဆိပ်ကမ်းဒေသ၊ အကွက်အမှတ် ၂၉ တွင် တန်ဖိုးကျပ် ၄.၉၀၈ ဘီလျံ တန်ဖိုးရှိ

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

အလျား ၅၅၀ ပေ x အနံ ၁၅၀ ပေ x အမြင့် ၃၄ ပေ အကျယ်အဝန်း စတုရန်းပေ ၈၂,၅၀၀ ရှိ သိုလှောင်ရုံ ဆောက်လုပ်ခြင်းကြောင့်ဖြစ်ပါသည် ။

**လက်ငင်းရပိုင်ခွင့်များ** တန်ဖိုးကျပ် ၁၀.၆၃၇ ဘီလျံ မှ ၁၀.၅၇၆ ဘီလျံ သို့ အနည်းငယ် လျော့ကျခဲ့ရခြင်းမှာ ကုန်လက်ကျန်နှင့် ကုန်ဖိုးရရန်ငွေများ မရှိတော့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ရင်းနှီးငွေ** တန်ဖိုး ကျပ် ၂၀.၄၆၇ ဘီလျံ မှ ၂၄.၁၀၁ ဘီလျံ သို့ တိုးလာခြင်းမှာ အသားတင် အမြတ်တန်ဖိုး တိုးလာခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ခုနှစ်ဘဏ္ဍာရေးနှစ်ဝက်တွင် အမြတ်တန်ဖိုး ကျပ် ၂.၆၀၇ ရရှိခဲ့ပြီး အရှုံးဖြစ်ခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဝက် နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုဖြစ်ပေါ် ခဲ့ပါသည်။

**ပေးရန်တာဝန်** စုစုပေါင်းတန်ဖိုး ကျပ် ၂.၄၄၃ ဘီလျံ မှ ၄.၃၆၆ ဘီလျံ ကျပ် သို့ တိုးလာခဲ့ပါသည်။ အဓိကအကြောင်းရင်းမှာ သီလဝါအကွက်အမှတ် ၂၉ တွင် သိုလှောင်ရုံ ဆောက်လုပ်ခြင်းအတွက် ပေးရန်ကျန်ရှိသော ကုန်ကျစရိတ်တန်ဖိုး ကျပ် ၁.၃၃၆ ဘီလျံကို လျာထားခြင်းနှင့် ပေးရန်ရှိ ဝင်ငွေခွန် လျာထားခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းကို စာရင်းစစ်အဖွဲ့၏ ဘဏ္ဍာရေးရှင်းတမ်းအစီရင်ခံစာတွင် အသေးစိတ် တင်ပြထားပါသည်။

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.
MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**Management Discussion and Analysis (MD&A)**

The following Management Discussion and Analysis is based on the financial statements of Myanma Agricultural & General Development Public Co., Ltd. (MAGDPL) for the half-year period ended September 30, 2025 (2025-2026 Financial Year). This should be read in conjunction with the said financial statements. Unless otherwise stated, all monetary amounts are expressed in Myanmar Kyat (MMK).

The financial statements have been prepared in accordance with International Financial Reporting Standards (IFRSs) and have been audited by the external auditor, Thadar Sin Co., Ltd.

**Summary of Key Items from the Income Statement**

| MAGDPL Income Statement (Amounts in MMK) | 2025–2026 Half-Year | 2024–2025 Half-Year | Change |
|---|---|---|---|
| **Revenue** | 11,737,610,720.00 | 479,348,692.00 | ▲ 11,258,262,028.00 |
| **Cost of Goods Sold** | 8,407,977,700.00 | 453,483,740.00 | ▲ 7,954,493,960.00 |
| **Gross Profit** | 3,329,633,020.00 | 25,864,952.00 | ▲ 3,303,768,068.00 |
| **Other Income** | 94,817,371.00 | 49,644,825.00 | ▲ 45,172,546.00 |
| **Admin & General Expenses** | (36,595,385.00) | (103,765,705.00) | ▼ (67,170,320.00) |
| **Finance Cost** | (44,750,735.00) | (44,750,735.00) | - |
| **Profit Before Tax** | 3,343,104,271.00 | (73,006,664.00) | ▲ 3,416,110,935.00 |
| **Income Tax Expense** | (735,482,940.00) | - | ▼ (735,482,940.00) |
| **Profit After Tax** | 2,607,621,331.00 | (73,006,664.00) | ▲ 2,680,627,995.00 |
| **Earnings Per Share (EPS)** | 259.20 | (7.26) | ▲ 266.46 |

**Revenue** increased significantly from MMK 0.479 billion in the 2024-2025 half-year to MMK 11.737 billion in the 2025-2026 half-year. This substantial growth was primarily driven by a major increase in Local Sales volume.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**Cost of Goods** Sold also rose from MMK 0.453 billion to MMK 8.407 billion, in line with the increased sales volume, which led to higher payments for raw materials, storage, and freight charges.

**Gross Profit** increased from MMK 0.258 billion to MMK 3.329 billion. The significant growth in sales has improved the Company's overall business condition.

**Other Income** increased from MMK 0.496 billion to MMK 0.948 billion, mainly due to higher income from Bank Interest and MNTH Loan Interest.

**Admin & General Expenses** decreased from 0.103 billion Kyats to 0.365 billion Kyats. Although revenue was lower in the 2024-2025 half-year, administrative and other expenses were higher compared to the 2025-2026 half-year. This is due to the collective donation of Black Matpe and Green Mung Bean seeds led by the Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association to areas affected by severe flooding in September 2024, and the costs associated with the YSX PLB entry ceremony.

**Profit Before Tax** was a loss of 73 million Kyats in the 2024-2025 half-year, but turned to a profit of 3.343 billion Kyats in the 2025-2026 half-year. This increase in profit was achieved through higher sales and effective cost control.

**Income tax expense** did not exist in the 2024-2025 half-year. However, for the 2025-2026 half-year, there is a liability to pay income tax amounting to 0.735 billion Kyats. This new tax liability arose due to the increase in profit.

**Profit After Tax** was a loss of 73 million Kyats in the 2024-2025 half-year, but turned into a profit of 2.607 billion Kyats in the 2025-2026 half-year. This shift from loss to profit demonstrates the improved business performance of the company.

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**Earnings Per Share (EPS)** was a loss of (-7.260) Kyats per share in the 2024-2025 half-year, but turned to a profit of 259.200 Kyats per share in the 2025-2026 half-year. This indicates an improvement in shareholder value.

**Summary of the Company's Balance Sheet**

| MAGDPL Balance Sheet Summary(Amounts in MMK) | 2025–2026 Half-Year | 2024–2025 Half-Year | Change |
|---|---|---|---|
| **Total Assets** | 27,465,897,106 | 21,953,038,605 | ▲ 5,512,858,501 |
| **Non-Current Assets** | 16,889,401,485 | 11,315,593,270 | ▲ 5,573,808,215 |
| **Current Assets** | 10,576,495,620 | 10,637,445,335 | ▼ (60,949,715) |
| **Shareholders' Equity** | 24,101,368,906 | 20,467,745,701 | ▲ 3,633,623,205 |
| **Non-Current Liabilities** | 1,002,790,014 | 958,039,279 | ▲ 44,750,735 |
| **Current Liabilities** | 3,364,528,200 | 1,485,292,904 | ▲ 1,879,235,296 |

**Total Assets** increased from MMK 21.953 billion in the 2024-2025 half-year to MMK 27.465 billion in the 2025-2026 half-year. The primary reason is the recognition of Non-Current Assets related to the construction of a silo at Plot 29 in the Thilawa Port Area.

The value of **Non-Current Assets** increased from MMK 11.315 billion to MMK 16.889 billion. This increase of MMK 4.908 billion is due to the construction of a silo with dimensions of 550 ft (L) x 150 ft (W) x 34 ft (H), covering an area of 82,500 sq ft at Plot 29, Thilawa Port Area.

**Current Assets** slightly decreased from MMK 10.637 billion to MMK 10.576 billion, primarily due to the clearance of inventory balances and receivables.

**Shareholders' Equity** increased from 20.467 billion Kyats to 24.101 billion Kyats, primarily due to the growth in net profit. For the 2025-2026 half-year, a profit of 2.607

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

billion Kyats was achieved, representing a significant improvement when compared to the loss incurred in the 2024-2025 half-year.

**Total liabilities** increased from 2.443 billion Kyats to 4.366 billion Kyats. The main reasons for this increase are the provision of 1.336 billion Kyats for the remaining construction costs of the warehouse at Thilawa Plot 29 and the provision for income tax payable.

A detailed presentation of the changes in the financial position is provided in the Notes to the Financial Statements within the Auditor's Report.